
# အခြေခံလူ့အခွင့်အရေး အသိပညာပေးသင်တန်း

အောက်တိုဘာလ၊ ၂၀၂၀ ပြည့်နှစ်။




- လူ့အခွင့်အရေး ခြေခံဗဟုသုတများ သိရှိစေရန်နှင့် မိမိဒေသအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သိရှိလာပြီး တိုင်ကြားတက်လာစေရန်။
- ညီမျှခြင်းမြန်မာ၏ ရှေ့လုပ်ငန်းစဉ်များတွင်ပါဝင် လာနိုင်စေရန်။

အခြေခံလူ့အခွင့်အရေးသင်တန်းကို အောက်တိုဘာလ ၇ ရက်မှ ၁၀ ရက် အထိ (၄)ရက်တာ သင်တန်းကို ညီမျှခြင်းမြန်မာအဖွဲ့က ဦးစီးကျင်းပခဲ့ပါသည်။

လူ့အခွင့်အရေးအယူအဆ နှင့် အဓိပ္ပါယ်၊ လူ့အခွင့်အရေးအယူအဆ သမိုင်းကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပေါ်ပေါက်လာပုံသမိုင်းကြောင်းများ၊ ကြေညာစာတမ်းတွင်ပါဝင်သော အခွင့်အရေးအပိုဒ်များ၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ အစိုးရ၏ တာဝန်ရှိမှုများ၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး ထားသော စာချုပ်များ၊ အုပ်စုလိုက်အခွင့်အရေးများ ၊ လူ့အခွင့်အရေးလုပ်ငန်းစဉ်များနှင့် တိုင်ကြားနိုင်သော ယန္တရားများ အကြောင်းကို ဆွေးနွေးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အကြောင်း မိတ်ဆက်ပေးခြင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်၊ တိုင်ကြားမှုနည်းလမ်းနှင့် တိုင်ကြားစာ နမူနာပုံစံ အကြောင်းများကို ဆွေးနွေးခဲ့ကြပါသည်။

### သင်တန်းသူ မသင်းသဇင်

အရင်က အပျော်သဘောနဲ့ အနိုင်လိုချင်တဲ့စိတ်ကြောင့် လူ့အခွင့်အရေးကို နားမလည် ဘူးလားလို့ သူများကို ခဏခဏ ပြောနေခဲ့ပေမယ့် ဘာလုပ်လုပ် ကိုယ့်လုပ်ပိုင်ခွင့်ရှိရင် လုပ်လို့ရ တယ်လို့ ထင်ခဲ့တာပါ။ အခုမှ တစ်ဖက်သား အတွက်လည်း တွေးပေးရမယ်ဆိုတဲ့ အတွေး ရလိုက်ပါတယ်။

သင်ခန်းစာနှင့်ပတ်သက်ပြီး ဗီဒီရို များပြသခြင်း၊ မေးခွန်းများမေးခြင်း၊ အုပ်စုငယ်များဖွဲ့၍ အပြန်အလှန်ဆွေးနွေး စေသည့်နည်းလမ်းများဖြင့် ဆွေးနွေးခဲ့ကြပါသည်။ သင်တန်းသို့ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများက ဝန်ထမ်းများ၊ အစိုးရဌာက ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ CSO၊ NOG ကျောင်းဆရာမ များနှင့် တက္ကသိုလ် ကျောင်းသားများ တက်ရောက်ခဲ့ပါသည်။






**လူ့အခွင့်အရေး နည်းပြ ကိုအောင်ခန့် HRENအဖွဲ့ဝင်။**

*“အခုလို Covid ကာလမှာ အားလုံးအနေနဲ့ အိမ်မှာနေရင်း လူ့အခွင့်အရေးကို စိတ်ဝင်တစား လေ့လာသင်ယူပြီး အချိန်ကို အကျိုးရှိရှိအသုံးချတာ တွေ့ရတဲ့အတွက် ဝမ်းသာတယ်။ နောက် တစ်ခုက အဆိုးထဲက အကောင်း လို့ပြောရမလား အခုလို Covid ကာလမှာ နယ်ပယ်အစုံက လူတွေ ကမ္ဘာ့အသီးသီးမှာ အလုပ် လုပ်နေကြတဲ့လူတွေအားလုံးနဲ့ လည်း တွေ့ရတယ်။”*

# လူ့အခွင့်အရေးသင်တန်း – တနင်္သာရီတိုင်း

တနင်္သာတိုင်းရှိ လူငယ်များကို အခြေခံလူ့အခွင့်အရေးအသိပညာပေးသင်တန်းကျင်းပြုလုပ်ပေးခဲ့ပါသည်။ သင်တန်းကို အောက်တိုဘာလ၊ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြိတ်တက္ကသိုလ် ကျောင်းသားသမဂ္ဂက ကျောင်းသား ၊ ကျောင်းသူများ ၊ Myanmar Positive Woman Network က အဖွဲ့ဝင်များ ၊ FED (kawthaung)က အဖွဲ့ဝင်များ ၊ PTE က အဖွဲ့ဝင်များ ၊ ပုလောမြို့နယ် လူငယ်ရေးရာအဖွဲ့က လူငယ်များ ၊ Green Network Tanintharyi Region Myanmar က အဖွဲ့ဝင်များ ၊ Youth Dream က အဖွဲ့ဝင်များ ၊ ပညာရေးဝန်ထမ်း ကျောင်းဆရာမများ၊ လူမှုဝန်ထမ်းရုံးက ဝန်ထမ်းများနှင့် တက္ကသိုလ် ကျောင်းသား ၊ ကျောင်းသူများ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ပါသည်။





သင်တန်းတက်ရောက်လာသူ

**မအိအိငြိမ်း က အခုလို**

*“သင်တန်းမတက်ခင်တုန်းက LGBT တွေအပေါ်မှ စနောက်ပြီး ကိုယ်တိုင် မလေးမစား ပြောဆို ခဲ့ဖူးတာတွေ ရှိခဲ့တယ် ၊ ယခု သင်တန်းတက်ပြီး ချိန်တွင် မိမိ အပြုအမူ ၊ အပြောအဆို တွေက တစ်ပါးသူရဲ့ အခွင့်အရေး တွေကို သွားပြီးထိခိုက်မိနေပါလား ဆိုပြီး ပြန်မြင် လာရတယ်။”*

အဆိုပါသင်တန်းကို ညီမျှခြင်းမြန်မာအဖွဲ့၏ လူ့အခွင့်အရေးနည်းပြ မမိုင်လေးနှင့် လူ့အခွင့်အရေး ပညာပေးသူများ ကွန်ရက်အဖွဲ့ဝင် မစုစုထက်၊ မသူဇာအောင်တို့က ဦးစီးကျင်းပြုလုပ်ခဲ့ပါသည်။







# အခြေခံလူ့အခွင့်အရေးသင်တန်း – မကွေးတိုင်း

အခြေခံလူ့အခွင့်အရေးသင်တန်းကို မကွေးတိုင်းရှိ လူ့အခွင့်အရေးစိတ်ဝင်စားသော လူငယ်များနှင့် ပြုလုပ်ခဲ့ပါသည်။ အဆိုပါသင်တန်းကို အောက်တိုဘာလ၊ ၂၁ ရက်မှ ၂၄ ရက်အထိ ပြုလုပ်ကျင်းပခဲ့ရာ သင်တန်း သား ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

**မဇာခြည်ထွန်း(HREN–Magway)**

***"သူတို့မှာ သူတို့နဲ့သက်ဆိုင်ရာ ကိစ္စတွေအတွက် စည်းရုံးလှုံ့ဆော်မှုအပိုင်း၊ မှတ်တမ်းကောက်ယူခြင်း အပိုင်းတွေ၊ ပြည်တွင်းဥပဒေတွေနဲ့ဆက်စပ်မိသွားအောင် လုပ်ဆောင်ပေးနိုင်မယ် ဆိုရင်တော့ သူတို့ မှာရှိနေကြတဲ့ အခြေခံလေးတွေက ပိုပြီးအားကောင်းလာမယ်လို့ သုံးသပ်မိတယ်။"***

***"လူတိုင်းက သင့်တင့်သောလုပ်အားခဖြင့် အလုပ်လုပ်ပိုင်ခွင့် အလုပ်သမားသမဂ္ဂများသို့ ဝင်ရောက်ခွင့် ရှိရမယ်ဆိုသော်လည်း လက်တွေ့မှာ ဆိုရင်နယ်ဖက်တွေမှာလုပ်ကိုင်နေရသူတွေဆိုရင် မရနေခဲ့ဘူး။ အချိန်တွေလည်း အပိုခိုင်းတာတွေရှိတယ်။ အလုပ်သမားတွေကလည်း အခွင့်အရေး ရပိုင်ခွင့် တွေမသိနေဘူး အလုပ်ရရင်ပီးရောဆိုတဲ့ ပုံစံတွေနဲ့ လုပ်နေရတယ်။ အလုပ်အကိုင်ကလည်းရှားပါးတော့ ရတဲ့အတိုင်း လုပ်ဆောင်နေရ တာတွေတော့ရှိတယ် ဆိုတော့ ဥပဒေတွေက နယ်ဖက်မှာသက်ရောက်မှုအားနည်းနေတယ်"*** စသည့် အကြောင်းအရာများကို သင်တန်းအတွင်း ဆွေးနွေးခဲ့ကြသည်။






# အခြေခံလူ့အခွင့်အရေးသင်တန်း ရှမ်းပြည်နယ်

အခြေခံလူ့အခွင့်အရေး သင်တန်းကို အောက်တိုဘာလ ၅ရက် မှ ၈ ရက်နေ့အထိ (၄)ရက်တာ ညီမျှခြင်းမြန်မာအဖွဲ့က ဦးစီးကျင်းပခဲ့ပါသည်။ သင်တန်းတို့ ရှမ်းပြည်မြောက်ပိုင်းရှိ ကွတ်ခိုင်မြို့နှင့် အကျေးရွာငယ်များက လူငယ် ၂၇ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းသို့ တက်ရောက်လာသော သင်တန်းများ၏နယ်မြေများက လူ့အခွင့်အရေး အခြေအနေများကို သင်တန်းနည်းပြကိုမင်းမင်းထွန်းက အခုလို "သင်တန်သားတွေရဲ့နယ်မြေမှာက လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုတွေ အများကြီးဖြစ်တယ်၊ ကြာလာတော့ ချိုးဖောက်မှုတွေကို မပြောတော့ပဲ သာမန်ဖြစ်ရိုးဖြစ်စဉ်လို့ ခံစားလာ ကြတယ်။ လက်နက်ကိုင်တွေရှိတဲ့ နယ်မြေဖြစ်တဲ့ အတွက်ကြောင့် တရားမျှတမှုအတွက် အခက်အခဲ တွေလဲရှိသလို တရားဥပဒေစိုးမိုးမှုက လစ်ဟာနေတာတွေ ထောက်ပြဆွေးနွေး ကြခဲ့တယ်။"

သင်တန်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိပါက တိုင်ကြားနိုင်သည့် ယန္တရားများအကြောင်း ဆွေးနွေးခဲ့ခြင်းကြောင့်အစိုးရတာဝန်များက ပျက်ကွက်လာပါက

**"အခွင့်အရေးတွေနဲ့ ပတ်သက်လာရင် အစိုးရတွေမှာ တာဝန်အများကြီး ရှိတယ်။ ဘာကြောင့်ဆိုရင် သူတို့က ပြည်သူတွေရဲ့ အခွင့်အရေး ကျင့်သုံးမှု တွေ လေးစား၊ အသိအမှတ်ပြုပေး ရမယ်။ ပြည်သူတွေအပေါ်ကျရောက်လာနိုင်မည့် အန္တရာယ်တွေကို ထိခိုက်နစ်နာမှု မရှိ အောင် ကြိုတင်ကာကွယ်မှုတွေ၊ လက်တွေ့ထိရောက်သော ကာကွယ်မှု တွေကို လုပ်ဆောင်ပေးဖို့လိုအပ်တယ်။"**


*ကွတ်ခိုင်မြို့က တက်ရောက်လာသူ ကိုဘရန်လီအောင်ကပြောပါသည်။*

ကွတ်ခိုင်မြို့၊ နမ့်ဖတ်ကာကျေးရွာက တက်ရောက်လာသူ လွေးစုလှိုင်ဝင်းက *"လူသားအားလုံးက အတူတူဖြစ်တယ်။ မသန်စွမ်းဖြစ်လို့ ကလေးဖြစ်လို့ ၊ အမျိုးသမီးဖြစ်လို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ချန်လုပ်ထားတာတွေ ဖယ်ကျဉ်ထားမှုတွေ မလုပ်ရဘူး။ အကြမ်းဖက်မှုတွေမဖြစ်အောင် ကာကွယ်ပေးရမှာ ဖြစ်တယ်ဆိုတာတွေက သင်တန်းက လေ့လာခွင့်ရပါတယ်။"*

ချိုးဖောက်မှုများကို ဥပဒေအတိုင်းတိုင်းကြားနိုင်သော အခြေနေများအထိ အကူအညီတွေရယူပြီး လုပ်ဆောင်သွားမယ်ဆိုသော ပြောဆိုလာမှုများရှိလာပါသည်။ အထက်ပါပြောဆိုချက်များကို ပြန်လည်သုံးသပ်ကြည့်ခြင်းအားဖြင့် သင်တန်းကိုလုပ်ဆောင်ရခြင်း ရည်ရွယ်ချက်ပြည့်မီအောင် လုပ်ဆောင် နိုင်ခဲ့ပါသည်ဟု ဆိုပါသည်။




## အခြေခံလူ့အခွင့်အရေးသင်တန်း ချင်းပြည်နယ်




**Mai Lunno(ပညာရေး)-ဖလမ်းမြို့၊ ချင်းပြည်နယ်က**

*“လူတိုင်းကသာ ပညာတွေကို အားလုံး အခြေခံကောင်းကောင်း၊ စနစ်ကောင်း ကောင်း နဲ့သာ သင်ကြားခွင့်ရပြီး တွေးခေါ် သိမြင်နိုင်စွမ်းရှိတဲ့ သူတွေသာများလာရင် နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးတွေ၊ လူမှုပေါင်းသင်း ဆက်ဆံရေးတွေ တယောက်နဲ့တယောက် စကားပြောတာကအစ အဆင်ပြေမှုတွေနဲ့ ရလာဒ်ကောင်းတွေကို ရလာနိုင်မယ် ပညာတတ် ကြီးတွေသာများလာရင် မြန်မာနိုင်ငံဟာ ဒီထက် အများကြီးတိုးတက်လာမယ် လို့ယုံကြည်မိ တယ်။”*

အောက်တိုဘာလ၊ ၂၇ ရက်မှ ၃၀ရက်အထိ ချင်းပြည်ရှိ လူ့အခွင့်အရေးစိတ်ဝင်စားသော လူငယ်များကို ၄ရက်တာ လူ့အခွင့်အရေးသင်တန်းကို အွန်လိုင်းကတဆင့် ပြုလုပ်ပေးခဲ့ပါသည်။

ဖလမ်းမြို့၊ ချင်းပြည်နယ်က Salai Naing Htang က ***“လူတိုင်းမိမိတိုင်းပြည်၏ အစိုးရကို ဆန္ဒမဲဖြင့်ရွေးချယ် တင်မြောက်ခွင့်ရှိ တယ်ဆိုတာပါတယ်။ လူတိုင်းက လွတ်လပ်စွာစည်းရုံးပိုင်ခွင့်ရှိသလို လွတ်လပ်စွာမဲပေးပိုင် ခွင့်ရှိတယ်။ ဘာကြောင့်မဲပေးရလည်းဆိုရင် မိမိသွား မလုပ်နိုင်တဲ့ကိစ္စတွေကို မိမိကိုယ်စား သွားလုပ်ခိုင်း၊ သွားပြောခိုင်းဖို့ မဲပေးရွေးချယ်လိုက်ကြတာဖြစ်တယ်။ မိမိတို့ ရွေးချယ်မှုက မိမိတို့ရဲ့ ကံကြမ္မာပဲဖြစ်တယ်။ မိမိတို့ရဲ့ ဂုဏ်သိက္ခာကိုလေးစားပေးသော ကိုယ်စားလှယ်ဖြစ်မလား၊ မိမိတို့အခွင့်အရေးကို ကာကွယ်ပေးသော ကိုယ်စားလှယ်ဖြစ်မလား ဆိုတာသတိထားဆင်ခြင်နိုင်ကြဖို့လိုတယ်။”***

# ရောဝတီတိုင်းရှိ လူငယ်များအတွက် အခြေခံလူ့အခွင့်အရေး အသိပညာပေးသင်တန်းပြုလုပ်ကျင်းပ

ရောဝတီတိုင်းရှိ လူငယ်များအတွက် (၄)ရက်တာ အခြေခံလူ့အခွင့်အရေးသင်တန်းကို ညီမျှခြင်းမြန်မာအဖွဲ့က အောက်တိုဘာလ ၁၇ ရက်နေ့ မှ ၂၀ ရက်နေ့အထိ ဦးစီးကျင်းပခဲ့ပါသည်။

လူ့အခွင့်အရေး ခြေခံဗဟုသုတများ သိရှိစေရန်နှင့် မိမိဒေသအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သိရှိလာပြီး တိုင်ကြား တက်လာစေရန် နှင့် ညီမျှခြင်းမြန်မာ၏ ရှေ့လုပ်ငန်းစဉ်များတွင်ပါဝင် လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

လူ့အခွင့်အရေး အခြေခံသင်တန်းကို တတ်ရောက် သင်ယူခြင်းအားဖြင့် မိမိပတ်ဝန်းကျင်သာမက၊ လူသားအားလုံး အပေါ် သာတူညီမျှ တွေးခေါ် ကြည့်မြင်တတ်စေရန် မျက်စိတစ်စုံရရှိသကဲ့သို့ အသိပညာဗဟုသုတ များစွာ ရရှိပါသည်။ ယခုသင်တန်းကို မတတ်ရောက်စဉ် အခါက ကိုယ့်မှာဘာသာစွဲ၊ လူမျိုးစွဲ၊ ရိုးရာအစွဲ စသည့်အစွဲပေါင်းစုံရှိပါသည်။ သင်ယူပြီး ပြောက်ပြီးချိန်မှာ လူသားအားလုံးတွင် ကိုယ်ပိုင်အခွင့်အရေးဟာ သာတူညီမျှရှိသည်ဆိုသည့် အချက်ကို ဆရာက အကျယ်တဝင့် ရှင်းလင်းသင်ကြားပေးမှုကြောင့် လူသားတိုင်း အပေါ် မျှတတဲ့အတွေးအမြင်တွေနဲ့ မြင်ပေး၊ တွေးပေးလာနိုင်ပါသည်ဟု သင်တန်းတက်ရောက်သူ မအေးမြတ်မွန် က ပြောကြားခဲ့သည်။

သင်ခန်းစာနှင့်ပတ်သက်ပြီး ဗီဒီယို များပြသခြင်း၊ မေးခွန်းများမေးခြင်း၊ အုပ်စုငယ်များဖွဲ့၍ အပြန်အလှန်ဆွေးနွေးစေသည့် နည်းလမ်း များဖြင့် ဆွေးနွေးခဲ့ကြပါသည်။

သင်တန်းကို နံနက် (၉ႏ၀၀) မှ နေ့လယ် (၁၂ႏ၀၀) အထိ (၃)နာရီကြာ ပြုလုပ်ခဲ့ပါသည်။ သင်တန်းသို့ ကျောင်းသူကျောင်းသားများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ CSO,NOG ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများ၊ အစိုးရဌာမှ ဝန်ထမ်းများ၊ ကျောင်းဆရာမ များနှင့် တက္ကသိုလ်ကျောင်းသားများ တက်ရောက်ခဲ့ပါသည်။



# တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လူငယ်များနှင့်လူ့အခွင့်အရေးအခြေခံသင်တန်းကျင်းပ



*လူ့အခွင့်အရေးနည်းပြ*

"အရင် offline သင်တန်းတွေတုန်းက အရပ်ဖက်အဖွဲ့အစည်းတွေထဲကလူတွေ၊ နီးစပ်သူတွေလောက်ပဲ ဖိတ်ကြားနိုင်ခဲ့တယ်။ အခု အွန်လိုင်းမှာကျတော့ အပြင်က စီးပွားရေး လုပ်ငန်း လုပ်နေသူတွေ ဘဏ်ဝန်ထမ်းတွေ စတဲ့သူတွေပါ စိတ်ဝင်စားပြီး လာတက်ကြတယ်။ အွန်လိုင်းသင်တန်းဆိုပေမယ့် အားလုံးက တက်တက်ကြွကြွဆွေးနွေးခဲ့ကြလို့ နည်းပြတွေဖက်ကလဲ အများကြီး ပြန်လည်သင်ယူခဲ့ရပါတယ်။"





တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လူငယ်များကို လူ့အခွင့်အရေးအခြေခံသင်တန်းပေးခဲ့ပါသည်။ သင်တန်းသို့ တိုင်းနှင့်ပြည်နယ်အသီးသီက လူငယ်(၄၀)ဦး တက်ရောက်ခဲ့ပါသည်။

**"ကိုယ်တိုင်လည်း LGBT အရေးလုပ်ဆောင်နေသူဖြစ်တော့ လူ့အခွင့်အရေးအကြောင်းကို ပိုပြီးအသေးစိတ် သိရှိလာရတယ်။ အပိုဒ်တွေကို ခြွင်းချက်တွေ ဥပမာတွေနဲ့ ရှင်းပြခဲ့တော့ ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်ခဲ့ရတယ်။ ပိုပြီးလည်း အကျိုးရှိတာပေါ့လို့"** မန္တလေးမြို့က သင်တန်းတက်ရောက်ခဲ့သူ ကိုအောင်ပြည့်ဖြိုး ကပြောပါသည်။

သင်တန်းကို အောက်တိုဘာလ၊ ၁၂ ရက် မှ ၁၅ ရက် အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ကိုအောင်ပြည့်ဖြိုး – မန္တလေးတိုင်း






# အခြေခံလူ့အခွင့်အရေးသင်တန်း ရခိုင်ပြည်နယ်

ရခိုင်ပြည်ရှိ လူ့အခွင့်အရေးစိတ်ဝင်စားသော လူငယ်များကို ၄ရက်တာ လူ့အခွင့်အရေးသင်တန်းကို အွန်လိုင်းကတဆင့် ပြုလုပ်ပေးခဲ့ပါသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် လူ့အခွင့်အရေး ချိုးဖောက်များ၊ အင်တာနက်ဖြတ်တောက်ခံထားရမှုကြောင့် လူ့အခွင့်အရေး ပညာပေးမှု သင်တန်းများသို့ တက်ရောက်နိုင်မှုနည်းခဲ့သည်။ အွန်လိုင်းဖြင့် သင်တန်းပြုလုပ်ပေးချင်းဖြင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးမှ လူငယ်များ တက်ရောက်နိုင်သည်။

သို့ပေမယ့်အင်တာနက် လိုင်းမကောင်းမှုကြောင့် ပြီးဆုံးအောင် မတက်နိုင်သည့် သင်တန်းသားများ ရှိနေသည်ဟု သိရသည်။

ထိုအခြေအနေနှင့်ပတ်သက်၍ ***“ ဒါဟာ အစိုးရအနေနဲ့ ထည့်သွင်းစဉ်းစားရမယ့် လူ့အခွင့်အရေးပြဿနာတစ်ရပ်ဖြစ်တယ်လို့ သင်တန်းသားတွေက ဆွေးနွေးသွားကြပါတယ်”*** ဟု သိရပါသည်။

အဆိုပါသင်တန်းကို အောက်တိုဘာလ၊ ၂၇ ရက်မှ ၃၀ရက်အထိကျင်းပခဲ့ရာ လူငယ်အယောက် ၃၀ တက်ရောက်ခဲ့သည်။

**မစောမြတ်ဝေ က**

***“လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး အများကြီးသိရှိလာရတယ်။ ချိုးဖောက်မှုနဲ့ ချိုးဖောက်ခံရမှု အခြေအနေတွေကို သေသေချာချာ သိလာရပါတယ်။ ချိုးဖောက်ခံရရင် ဘယ်လို ကာကွယ်ရမလဲဆိုတာကို သိလာရတဲ့အတွက် ကိုယ့်အတွက် ရော ကိုယ့်ပတ်ဝန်းကျင် တွက်ပါ ကူညီပေးနိုင်လာမှာဖြစ်တဲ့အတွက် အလွန်အကျိုး ရှိပါတယ်။ အထူးသဖြင့် အတွေးတွေပြောင်း လဲလာတယ်။ တစ်စုံတစ်ခုလုပ်ဖို့ ပြင်တိုင်း ကိုယ်လုပ်မည့်အလုပ်နဲ့ ဆက်စပ်တဲ့တစ်ခြားသူများအတွက် လည်း တွေးတတ် လာပါတယ်။” ဟု ပြောကြားခဲ့သည်။***

**ကိုနဒီယံလင်း က**

**“**မိမိပတ်ဝန်းကျင်အတွင်းမှာ ဖြစ်ပျက်နေတဲ့လူ့အခွင့်အရေးချိုး ဖောက်မှုတွေ ချိုးဖောက်နေကြတဲ့ ပုံစံတွေကိုသိရှိခဲ့ရပါတယ်။ လူ့အခွင့်အရေးနဲ့ပတ်သတ်ပြီး အရင်ကမသိအရာတွေကို အများကြီးသိရှိလာခဲ့ရပါတယ်။ ကိုယ်ကိုတိုင်ချိုးဖောက်နေမိတဲ့အ ရာတွေကိုလဲ သတိပြုမိလာတယ်။ ”